လေးစားရပါသော ကျောင်းသား/သူများ!

ရက်စွဲ ၀၃/၁၆/၂၀၂၁ ၊နံပါတ် ၆၃၉-r မှ ရုရှားဖက်ဒရေးရှင်းအစိုးရ၏ အမိန့်အပေါ်အခြေခံ၍ လုံခြုံတဲ့ ကူးစက်ရောဂါကာကွယ်ခြင်းနှင့်အတူ နိုင်ငံအသီးသီးမှ နိုင်ငံကျောင်းသားများ ပညာဆက်လက်သင်ကြားဆက်လက်သင်ကြားနိုင်ရန် ရုရှား ဖက်ဒရေးရှင်းနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုလိုက်သည်။ယခုအချိန်တွင် အာဖ်ခါဇီးယား၊ အဇာဘိုင်ဂျန်၊အာမေးနီးယား၊ဘီလာရုစ်၊ဗီယက်နမ်၊ဗင်နီဇွဲလား၊ဂျာမနီ၊ဂရိ၊အီဂျစ်၊ အိန္ဒိယ၊ ကာဇက်စတန်၊ကာတာနိုင်ငံ၊ကာဂျစ်စတန်၊ကျူးဘား၊မော်လ်ဒိုက်၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ဆေးရှားစ်(Seychelles)၊ဆားဘီးယား၊စင်ကာပူ၊ဆီးရီးယား၊ တာဂျစ်ကစ္စတန်၊တန်ဇန်းနီးယား၊တူရကီ၊ဥဇဘက်ကစ္စတန်၊ဖင်လန်၊ဆွစ်ဇာလန်၊သီရိလင်္ကာ၊ အီသီယိုးပီးယား၊တောင်ကိုရီးယား၊တောင်ပိုင်အိုစတီးယား(South Ossetia)၊ဂျပန် အစရှိသည့် နိုင်ငံ များမှ နိုင်ငံခြားကျောင်းသားများကို ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်သည်။

နိုင်ငံခြားမှကျောင်းသားများ ပြည်ပ ဝင်ခွင့်အစီအစဉ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သိပ္ပံနှင့်အဆင့်မြင့်ပညာရေးဝန်ကြီးဌာနမှ ပြုလုပ်သည်။

နိုင်ငံခြားကျောင်းသားများသည် နယ်စပ်ဖြတ်ကူးသည့် စစ်ဆေးရေး ဂိတ်နှင့် ဖြတ်ကူးသည့် ရက်စွဲအတိအကျကို ဖော်ပြပြီး သူတို့၏ကိုယ်ရေးရာဇဝင် အချက်အလက်များကို တစ်ခုတည်းသော မုခ်ဝ ပြည်သူ့ဝန်ဆောင်မှု***(www.gosuslugi.ru)*** ထဲသို့ ထည့်သွင်းပြီးမှသာလျှင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဝင်ခွင့်ရရှိမည်ဖြစ်သည်။

တကယ်သိုလ်သည် မုခ်ဝ(ပြည်သူ့ဝန်ဆောင်မှုများ)တွင် ကျောင်းသားများ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ထည့်သွင်းရန် ပါဝင်သည်။

သတိထားရန်!

၀၁.၀၅.၂၀၂၁ မှစ၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဝင်ရောက်ခြင်းလုပ်ထုံးလုပ်နည်းအပေါ်

စားသုံးသူအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့်လူသားချင်းစာနာမှုဆိုင်ရာစောင့်ကြည့်မှု

အတွက်ဗဟိုအစိုးရ(Rospotrebnadzor)၏ လိုအပ်ချက်များအတွက် အပြောင်းအလဲများ

နိုင်ငံအသီးသီးမှ ကျောင်းသားများအတွက် လုံခြုံတဲ့ ကူးစက်ရောဂါကာကွယ်ခြင်းနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဝင်ရောက်ခြင်းဆိုင်ရာ လုပ်နည်းစနစ်:

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မဝင်ရောက်မီ :

၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဝင်ခွင့်သည် သင့်နိုင်ငံက ခွင့်ပြု/မပြု စစ်ဆေးပါ။

၂။ အကယ်၍ သင်သည် သင့်နိုင်ငံမှ ဗီဇာမက်ဆေ့တစ်ခုနှင့် ကျောင်းသားဖြစ်ပါက ရုရှားဖက်ဒရေးရှင်းနိုင်ငံနယ်နမိတ်သို့ ဝင်ရန် သင်သည် သေချာပေါက် ဗီဇာတစ်ခုပြုလုပ်ရမည်ဖြစ်သည်။အကယ်၍ သင်သည် တရားဝင်ဗီဇာတစ်ခု မရှိပါက (သို့)ဗီဇာသက်တမ်းကုန်ဆုံးသွားပါက ဗီဇာအသစ်ရရှိဖို့ရန် သက်ဆိုင်ရာတက္ကသိုလ်မှာ ဖိတ်ကြားမှုတစ်ခုတောင်းဆိုရန်လိုအပ်ပါသည်။(ထိုဖိတ်ကြားမှုအပေါ် မှတ်စုတို)

၃။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဝင်ရောက်လိုသည့် သင့်ရဲ့ ဆန္ဒကို တက္ကသိုလ်ကို တရားဝင်ကြေငြာပြီး အီးမေးလ် welcome@stankin.ru သို့ ဆက်သွယ်ပါ။သင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဝင်ရောက်ခြင်းခွင့်ပြုချက်ကို ကျောင်းရဲ့ထောက်ခံမှုမှ တုံ့ပြန်စာကို လက်ခံရယူပါ။

၄။ ကျောင်းမှ သဘောတူညီမှုတုံ့ပြန်စာကို လက်ခံရရှိပြီးနောက် မဖြစ်မနေ လက်မှတ်ဝယ်ယူပြီး ရုရှားသို့ ဝင်ရန် အနည်းဆုံး ၁၄ ရက်ကြိုတင်၍ ကျောင်း အီးမေးလ် welcome@stankin.ru သို့ အကြောင်းကြားပါ။ဒါ့အပြင် အောက်ဖော်ပြပါအချက်အလက်

များအား သက်မှတ်ထားသော မေးလ်သို့ ပေးပို့ပါရန်။

- သင်၏နိုင်ငံကူးလက်မှတ်နှင့်ဗီဇာအသစ် (ဗီဇာနိုင်ငံများအတွက်) Scan။
- ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဝ င်ရန်လက်မှတ် Scan။
- သင်၏ ဆက်သွယ်ရမည့် ဖုန်းနံပတ် ၊၎င်း ဖုန်းနံပတ်ဖြင့် ဖောက်ထားသော WhatsApp, Telegram များကို ဖော်ပြပေးရန်။
- သင် အဆောင်တွင် နေထိုင်ရမည့် သတင်းအချက်အလက်များ။အကယ်၍ သင်သည် အဆောင်အပြင်ဘက် အခြားတစ်နေရာတွင်နေထိုင်ရန်အစီအစဉ်ရှိပါက လိပ်စာအတိအကျကို ဖော်ပြပေးရန်။

၅။ သင်၏ချက်အလက်များကို မုခ်ဝ( portal ) www.gosuslugi.ru ပေါ်မှာ ထည့်သွင်းမှုကို သေချာအောင်ပြုလုပ်ပေးပါ။ မုခ်ဝ( portal ) www.gosuslugi.ru သို့ ဝင်မည်ဆိုပါက မှတ်ပုံတင်ခြင်းကိုပြုလုပ်ပါ။ အဲဒီ မုခ်ဝ( portal ) ပေါ်မှာ မှတ်ပုံတင်ခြင်းကိုပြုလုပ်မည်ဆိုလျှင် မှတ်ပုံတင်ဖို့ရန်အတွက် သင့်၏ အီးမေးလ်ကို မဖြစ်မနေ ထည့်သွင်းပေးပါ။မှတ်ပုံတင်ပြီးနောက် https://www.gosuslugi.ru/410127/2 ဖော်ပြပါ လင့်ခ် ကို နှိပ်ပါ။ပြီးလျှင် သင့်၏နိုင်ငံကူးလက်မှတ်ကဲ့သို့ အချက်အလက်များကို ရိုက်ထည့်ပါ။သင်ရုရှားဖက်ဒရေးရှင်းသို့ဝင်ရန်စာရင်းရှိမရှိစစ်ဆေးပါ။

၆။ ရုရှားသို့မရောက်ရှိမီ ၇၂ နာရီမတိုင်မီ PCR နည်းလမ်းဖြင့် COVID-19 စစ်ဆေးမှုကို ပြုလုပ်ပါ။ရုရှားဖက်ဒရေးရှင်း၏နယ်စပ်ကိုဖြတ်ကျော်ခြင်းနှင့်တက္ကသိုလ်ဘော်ဒါဆောင် သို့စစ်ဆေးနေတဲ့အခါ COVID-19 အတွက်အနုတ်လက္ခဏာ PCR စစ်ဆေးမှုကို အတည်ပြုခြင်း ရုရှားလို သို့ အင်္ဂလိပ်လို ကျန်းမာရေးလက်မှတ်ရှိရပါမည်။

ရုရှားသို့ ဝင်ရောက်ပြီးနောက် :

၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏နယ်မြေကို ဝင်ရောက်ပြီးနောက် ၅ ရက်အတွင်း PCR စနစ်အားဖြင့် COVID-19 အတွက် စမ်းသပ်မှုနှစ်ကြိမ် မဖြစ်မနေ အောင်မြင်ရမည်။ စမ်းသပ်မှုများအကြား တစ်ရက်နည်း၍ အချိန်မရှိပါ။

၂။ရုရှားဖက်ဒရေးရှင်းနယ်နိမိတ်တွင်အောင်မြင်သောဒုတိယစစ်ဆေးမှု၏ရလဒ်များမရရှိမီ အထိ နေအိမ်၌ဖြစ်စေ၊ ဘော်ဒါဆောင်၌ဖြစ်စေ မိမိကိုယ်ကို သီးသန့်နေထိုင်ခြင်းဖြင့် စောင့်ကြည့်ပါ (၃ ထပ်၊စောင့်ကြည့်လေ့လာရေးအဆောင်)။သီးသန့်နေထိုင်ခြင်းအတော အတွင်းမှာ ပညာရေးကို အွန်လိုင်းပုံစံဖြင့် ပြုလုပ်သွားမည်။ရုရှားနိုင်ငံနယ်နမိတ်မှာ ရောက်ရှိသည့်နေ့မှရက်ပေါင်း ၅ ရက်အတွင်း စမ်းသပ်မှုနှစ်ကြိမ် အောင်မြင်ခဲ့ခြင်းမရှိဘဲ နိုင်ငံခြားကျောင်းသားများကိုအချိန်ပြည့်သင်ကြားမှုကို ခွင့်မပြုပါ။

၃။ ရုရှားဖက်ဒရေးရှင်းတွင်စမ်းသပ်မှု ၂ ခု၏ရလဒ်များကိုရရှိပြီးနောက် COVID-19 အတွက်စမ်းသပ်မှုနှစ်ခုလုံး၏အနှုတ်ရလဒ်များကိုအတည်ပြုပြီးသော ဆေးလက်မှတ်များကို Scan ဖက်၍ ကျောင်းမေးလ် welcome@stankin.ru သို့ ပို့ပေးပါ။ဒါအပြင် အဆောင်၏အုပ်ချုပ်ရေးရုံးကို စမ်းသပ်မှုနှစ်ခုလုံး၏ရလဒ်အကြောင်း မဖြစ်မနေ အကြောင်းကြားရန်လိုအပ်သည်။ (ပထမထပ်ဘော်ဒါဆောင်နံပါတ် ၃)

၄။ ရွှေ့ပြောင်းနေထိုင်မှုမှတ်ပုံတင် (မှတ်ပုံတင်) နှင့်ဆေးဘက်ဆိုင်ရာအာမခံအတွက် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဌာန (ရုံး ၀၁၁၄) ကိုဆက်သွယ်ပါ။

၅။ မျက်နှာချင်းဆိုင်ပုံစံဖြင့် သင်ခန်းစာကို စတင်ပါ။

ရောဂါလက္ခဏာ အစမှာ :

နိုင်ငံခြားသားများရုရှားဖက်ဒရေးရှင်းသို့ရောက်ရှိလျှင် ကျောင်းသားများသည် စူးရှသောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၏ပထမလက္ခဏာများကို ဖြစ်ပေါ်လေ့ရှိကြသည် (အဖျား၊ လည်ချောင်းနာခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း)၊ ကျောင်းသားများသည် တက္ကသိုလ်ကို ချက်ချင်းအကြောင်းကြားရန် ဖုန်း +7 (499) 973-39-66 သို့မဟုတ် welcome@stankin.ru သို့စာရေးပါ။ ပြီးရင် တရားဝင်ကျန်းမာရေးအာမခံ၏မူဘောင်အတွင်းမှဆရာဝန်တစ်ဦး မဖြစ်မနေ ခေါ်ဖို့ လိုအပ်သည်။